**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# နိုင်ငံတော်သီချင်းနည်းဥပဒေများ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနည်းဥပဒေများအမှတ်၊ ၃/၂၀၁၀)**

**၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်**

**(၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၁ ရက်)**

နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်သီချင်းကို အသုံးပြု ခြင်းနှင့် စပ်လျဉ်း၍ နည်းလမ်းတကျဖြစ်စေရန် နိုင်ငံတော် သီချင်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **နိုင်ငံတော်သီချင်း နည်းဥပဒေ**များဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် နိုင်ငံတော်သီချင်းဥပဒေတွင် ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

## အခန်း(၂)

## နိုင်ငံတော် သီချင်း၏ သံစဉ်

၃။ နိုင်ငံတော်သီချင်းသီဆိုပုံမှာ ကမ္ဘာသုံး ဂီတသင်္ကေတဖြင့် နောက်ဆက်တွဲတွင် ဖော်ပြထားသည့် အတိုင်းဖြစ်သည်။

၄။ နိုင်ငံတော်သီချင်းကို ဇာတိသွေး ဇာတိမာန် တက်ကြွစွာဖြင့် သီဆိုရမည်။

## အခန်း(၃)

## နိုင်ငံတော်သီချင်း သီဆိုတီးမှုတ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၅။ နိုင်ငံတော်သီချင်းကို-

(က) နိုင်ငံတော်နှင့် သက်ဆိုင်သည့် အခမ်းအနားများတွင် သီဆိုတီးမှုတ်နိုင်သည်။

(ခ) နိုင်ငံတော်အလံအား အလေးပြုစဉ် နိုင်ငံတော်သီချင်းတီးမှုတ်ရမည်။

(ဂ) နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် သီဆိုတီးမှုတ်နိုင်သည်။

(ဃ) အစိုးရရုံးဌာနများတွင်လည်းကောင်း၊ စာသင်ကျောင်းများတွင်လည်းကောင်း၊ ဥပဒေနှင့်အညီ ကျင်းပသော အများပြည်သူဆိုင်ရာ အခမ်းအနားများတွင် လည်းကောင်း သီဆိုတီးမှုတ်နိုင်သည်။

Myanmar Law Information System (MLIS)

(င) နိုင်ငံခြားတိုင်းပြည်များမှ နိုင်ငံတော်အစိုးရ၏ ဧည့်သည်အဖြစ် လာရောက်သော နိုင်ငံတော်အကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့ အကြီးအကဲကို ကြိုဆိုရာတွင် သီဆိုတီးမှုတ်နိုင်သည်။

၆။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့များအတွက် နိုင်ငံတော်သီချင်း အသုံးပြုခြင်းကို သီးခြားစည်းမျဉ်းဖြင့် သတ်မှတ်နိုင်သည်။

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး

အတွင်းရေးမှူး(၁)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)